BURMESE WOMEN'S UNION

## ၁ လအတွင်း အမျိုးသမီးများ သတင်းအနှစ်ချုပ်

ယခု သတင်းအနှစ်ချုပ်သည် မေလအတွင်း ဖြစ်ပွားခဲ့သည့် အမျိုးသမီးများနှင့် ပတ်သက်သည့် သတင်းများကို စုစည်း အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။ မေလအတွင်းတွင် အမျိုးသမီးများအား ဖမ်းဆီး နှိပ်စက်ခံရခြင်းများ ဆက်လက် ဖြစ်ပေါ်နေပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကြုံတွေ့နေရသည့် အချက်အလက်များလည်း ထွက်ပေါ်နေလျှက်ရှိသည်။ ထို့အပြင် AAPP ၏ စစ်တမ်းများအရ စစ်တပ်မှ အာဏာစသိမ်းသည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မေလ ၂၃ ရက်နေ့အထိ အမျိုးသမီး စုစုပေါင်း ၈၁၅ ဦး အဖမ်းခံခဲ့ရပြီး ဧပြီလ တလအတွင်းမှာပင် အဖမ်းခံရသူ အမျိုးသမီးဦးရေ စုစုပေါင်း ၂၄ ဦး ရှိနေသည်။ စုစုပေါင်း သေဒဏ် ချခံထားရသည့် အမျိုးသမီး ၄ ဦးရှိသည်။ မေလအတွင်း အကြမ်းဖက်စစ်ကောင်စီမှ လာရောက်ရှာဖွေဖမ်းဆီးရာတွင် မတွေ့သဖြင့် မိသားစုဝင်များအား ဓါးစာခံ လုပ်ကာ ဖမ်းဆီးခေါ်ဆောင်သွားမှုများ ၆ ကြိမ်ဖြစ်ပွားခဲ့သည်။ ယခု အနှစ်ချုပ်ထားသည့် ကိန်းဂဏန်းများသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ ရရှိထားသည့် အချက်အလက်များပေါ်တွင်သာ အခြေခံထားခြင်းဖြစ်ပါသည်။

## ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းများ

အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်ကိုင်တပ်များသည် စစ်အာဏာရှင်ကို နည်းမျိုးစုံဖြင့် ဆန့်ကျင်တော်လှန်နေသူများ အပြင် လူမှုကယ်ဆယ်ရေးလုပ်ဆောင်နေသူများကိုပါ ဖမ်းဆီးမှုများ ဆက်တိုက်လုပ်ဆောင်လျှက်ရှိသည်။ မေလ အစောပိုင်း တွင် မန္တလေးတိုင်း မိုးကုတ်မြို့တွင် အကြမ်းဖက်စစ်အုပ်စုမှ လူမှုကယ်ဆယ်ရေးအသင်းမှ အမျိုးသမီး အဖွဲ့ဝင်များ အပါအဝင် အဖွဲ့ဝင် အယောက် ၃၀ နှင့် အသင်းကားများကို သိမ်းယူဖမ်းဆီးသွားခဲ့သည်။ ထို့အပြင် အသက် ၄၀ ကျော် အမျိုးသမီးတဦးကို မေးမြန်းစရာရှိသည်ဟုဆိုကာ ဖမ်းဆီးသွားသော်လည်း အဘယ်ကြောင့် ဖမ်းဆီးသည်ဆိုသည်ကို မသိရှိရဟု သူမနှင့် နီးစပ်သူတဦးကဆိုသည်။ ထားဝယ်မြို့တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြရန် လူစုနေစဉ်အတွင်း အကြမ်းဖက် စစ်ကောင်စီတပ်များမှ လူစီးကားများဖြင့် သေနတ်ပစ်ဖောက်လာရောက်ပြီး အမျိုးသမီး ၆ ဦး အပါအဝင် စုစုပေါင်း ၁၂ ဦးကို ဖမ်းဆီးခဲ့သည်။

အကြမ်းဖက် စစ်ကောင်စီမှ ၎င်းတို့အား ဆန့်ကျင်သူ၍ CDM ပါဝင်နေသည့် ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် ဖမ်းဆီးခြင်းများကို ဆက်တိုက်ပြုလုပ်နေသည်။ မေလအတွင်းတွင် ဝေါမြို့နယ်မှ CDM ကျောင်းဆရာမ ၃ ဦးကို စစ်ကောင်စီ၏ တပ်များမှ လာရောက်ဖမ်းဆီးသွားခဲ့သည်။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်နေ အမျိုးသမီးတဦးမှ ထောင်ဝင် စာသွား တွေ့စဉ် အကြမ်းဖက်စစ်တပ်မှ သူမ၏ ဖုန်းအား သိမ်းဆည်းထားခဲ့ပြီး တပတ်အကြာတွင် ရဲစခန်း၌ ဖုန်းလာယူရန် ပြောလာ

သဖြင့် ရဲစခန်း၌ ဖုန်းပြန်ယူရန် သူမရောက်ရှိချိန်တွင် ဖုန်းတွင်ပါရှိသော အချက်အလက်များနှင့် ပတ်သက်၍ ပုဒ်မ ၅၀၅ (က) ဖြင့် ချက်ချင်း အမှုဖွင့် ဖမ်းဆီးလိုက်သည်။

ထို့အပြင် ဖမ်းဆီးခံရသူ မိသားစုများမှ ဖမ်းဆီးခံရသူများနှင့် အဆက်အသွယ်ခွင့်မရကြသည့်အပြင် အရေးတကြီး လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ ဆေးဝါးများလည်း ပေးပို့ခွင့် မရရှိကြပေ။ ပုဒ်မ ၅၀၅(က) နဲ့ တရားစွဲခံရပြီး အင်းစိန်ထောင်ရောက်ရှိနေသည့် အလုပ်သမားအရေးတက်ကြွလှုပ်ရှားသူ STUM ၏ဒါရိုက်တာ ဒေါ်မျိုးမျိုးအေးနှင့် တွေ့ခွင့်မရသေးသည့်အပြင် သူမအတွက် လိုအပ်သည့် ဆီးချိုဆေးများလည်း သူမဆီ မရောက်သေးဟု မိသားစုဝင်များမှ ပြောပြခဲ့သည်။

မန္တလေးတိုင်း၊ မိုးကုတ်မြို့ ကျောက်ဆောင်ရွာနေ အငြိမ်းစားဆရာမ ဒေါ်ခင်အုန်းမြင့်အား မေလ ၂၅ ရက် ညနေပိုင်းတွင် အကြမ်းဖက်စစ်အုပ်စုမှ ကားအဖြူနှစ်စီးနှင့် စစ်သားအပြည့်တင်ဆောင်ကာ လာရောက် ဖမ်းဆီးသွားခဲ့သည်။ ဆရာမသည် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၌ နာယက တစ်ဦးဖြစ်သည့်အပြင် ကိုဗစ်-၁၉ ကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီတွင် ဘဏ္ဍာရေးမှူးအဖြစ် စေတနာ့ဝန်ထမ်း အဖြစ် လုပ်ကိုင်ပေးခဲ့ပြီး ယခုကဲ့သို့ ဖမ်းဆီးရသည့် အကြောင်းအရင်းကိုမူ မသိရှိရဟု ဒေသခံများမှ ပြောကြားခဲ့သည်။

မေလ ၁၂ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့ နာနတ်တောရပ်ကွက်၏ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုသပိတ်အား စစ်တပ်နှင့် ရဲများမှ မျက်ရည်ယိုဗုံး၊ အသံဗုံးများဖြင့် ဖြိုခွဲခဲ့ပြီး အသက်မပြည့်သေးသည့် ကလေးများ အပါအဝင် အမျိုးသမီး အယောက် ၃၀ ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုနေ့ညပိုင်းတွင် အသက်မပြည့်သေးသည့် မိန်းကလေးများနှင့် ကလေးများအား ပြန်လွှတ်ပေးခဲ့ပြီး အမျိုးသမီး ၁၂ ယောက်ကိုမူ ၅၀၅ (က) ဖြင့် အမှုဖွင့်အရေးယူထားသည်။

## မိသားစုဝင်များအား ဓါးစာခံ ဖမ်းဆီးခေါ်ဆောင်ခြင်းများ

အကြမ်းဖက်စစ်တပ်၏ အမူအကျင့်ဖြစ်သည့် ၎င်းတို့ ဖမ်းဆီးလိုသည့် လူပုဂ္ဂိုလ်များအား မရရှိပါက အခြား မိသားစုဝင်များအား ဓါးစာခံအနေဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းများကို ဆက်လက်ကျင့်သုံးလျှက်ရှိပြီး မြန်မာ့အမျိုးသမီးသမဂ္ဂမှ စုဆောင်းထားသည့် အချက်အလက်များအရ မေလအတွင်းတွင် မိသားစုဝင်များအား ဓါးစာခံအနေဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခံရသည့် မိသားစု ၈ စုရှိခဲ့သည်။ အချို့မိသားစုဝင်များတွင် တဦးထက်ပို၍ ဓါးစာခံအဖြစ် ဖမ်းဆီးခြင်းများရှိခဲ့သည်။

မေလအတွင်းတွင် အလွတ်တန်း အမျိုးသမီးသတင်းထောက် ဖြစ်သူ မသူဇာအား လာရောက်ရှာဖွေဖမ်းဆီးရာတွင် မတွေ့သဖြင့် သူမ၏ အမျိုးသားကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ရန်ကင်းမြို့နယ်တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူ အစ်ကိုဖြစ်သူအား လာရောက်ရှာဖွေဖမ်းဆီးရာတွင် မတွေ့သဖြင့် အသက်မပြည့်သေးသည့် ညီမ ၂ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ မုဒုံမြို့နယ်တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး တက်ကြွသူ ကိုသန်းဝင်းအား လာရောက်ဖမ်းဆီးရာ မမိသဖြင့် ဇနီးဖြစ်သူနှင့် မွေးကင်းစကလေးငယ်အား ဖမ်းဆီးခေါ်ဆောင်သွားသည်။

ဖားကန့်မြို့တွင် ဦးကျော်လင်းအား လာရောက်ဖမ်းဆီးရာတွင် မတွေ့သဖြင့် ဇနီးနှင့် သမီးဖြစ်သူအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဘီလူးကျွန်းမှ ကျောင်းဆရာမ ဒေါ်နွယ်နီအောင်၏ အစ်ကိုဖြစ်သူအား လာရောက် ရှာဖွေဖမ်းဆီးရာတွင် မတွေ့သဖြင့် ဆရာမ ဒေါ်နွယ်နီအောင်ကို အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးသွားခဲ့သည်။

ပဲခူးမြို့တွင် စစ်အာဏာရှင် ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသည့် လူငယ်တဦးအား လာရောက်ရှာဖွေ ဖမ်းဆီးရာတွင် မရှိသဖြင့် မိခင်ဖြစ်သူနှင့် ကျန်းမာရေး မကောင်းသည့် ညီမအား အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

## ကာယိအိန္ဒြေပျက်ပြားအောင် စော်ကားနှောင့်ယှက်ခြင်းများ၊ ညှဉ်းပန်းနှိပ်စက်ခြင်းများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ

စစ်တပ်မှ မတရား အာဏာသိမ်းပြီးနောက်ပိုင်း တရားဥပဒေစိုးမိုးမှုလုံးဝ မရှိတော့သည့် အနေအထားတွင်ရောက်ရှိနေပြီး အမျိုးသမီးများအနေဖြင့် အကြမ်းဖက်စစ်တပ်၏ အကြောင်းမဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းများနှင့် ကာယိအိန္ဒြေပျက်ပြားစေသည့် စော်ကားနှောင့်ယှက်ခြင်းများကိုလည်း ကြုံတွေ့နေရသည်။ စစ်ဆေးရေးဂိတ်များတွင် အမျိုးသမီးငယ်များအား ကာယိအိန္ဒြေ ပျက်ပြားစေသည့် စကားများဖြင့် စနောက်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားနှောက်ယှက်မှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားရာ နေရာများတွင် အကြမ်းဖက် စစ်တပ်မှ မုဒိမ်းမှုကျူးလွန်မှုများ ရှိသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

မုံရွာတွင် စစ်ဆေးရေးဂိတ်၌ အမျိုးသမီးတဦးအား တားဆီးစစ်ဆေးပြီး အသားယူအမြတ်ထုတ်သည့် ဖြစ်ရပ်များလည်း ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် မုံရွာမြို့၌ပင် ရပ်ကွက်ထဲ ညဘက် သံပုံးတီးသည့် အမျိုးသမီး ၃ ဦးကိုလည်း အကြမ်းဖက် စစ်တပ်မှ ရိုက်နှက်မှုများ ရှိခဲ့သည်။ ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူများနှင့် အကြမ်းဖက် စစ်တပ်များ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားနေသည့်အခြေအနေတွင် အကြမ်းဖက်စစ်တပ်မှ အသက် ၂၂ အရွယ် အမျိုးသမီးတဦးနှင့် ၈ တန်းကျောင်းသူ မိန်းကလေးတဦးတို့အား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်မှုများရှိသည်ကို ပင်မ သတင်းမီဒီယာများမှ ဖော်ပြကြသည်။ အဖမ်းဆီးခံရသူများအား အကူအညီပေးနေသည့် ရှေ့နေများမှလည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အမျိုးသမီးများအား အရှက်ရစေသည့် အပြုအမူမျာ အကြမ်းဖက်စစ်တပ်၏ စစ်ကြောရေးတွင် ကျူးလွန်မှုများရှိနေသည်ကို အတည်ပြုပေးမှုများရှိသည်။

ဘူးသီးတောင် စစ်ရှောင်စခန်းမှ ခမီအမျိုးသမီးငယ်တဦးသည် တောင်ယာလုပ်ရန် သွားရောက်စဉ် အဓမ္မပြုကျင့်ခံရပြီး ကျူးလွန်သူကို ၂ ရက်အကြာတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဖမ်းဆီးမိခဲ့သော်လည်း အပြစ်ပေးမှုနှင့် ပတ်သက်၍ မသိရှိရသေးပေ။

## ပြည်သူများ၏ ပိုင်ဆိုင်မှုများအား အတင်းအဓမ္မ လုယက်ခြင်းများ

စစ်တပ်မှ မတရားအာဏာသိမ်းသည့်ကာလအတွင်း အကြမ်းဖက်စစ်တပ်များမှ ပြည်သူများအား ဥပဒေမဲ့ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဖမ်းဆီး၊ ထောင်ချခြင်းများအပြင် နေအိမ်များချိုးဖျက်၍ ပြည်သူများ၏ ပိုင်ဆိုင်မှုများကို အတင်းအဓမ္မ လုယက်သိမ်းယူခြင်းများကိုလည်း သက်ကြီးရွယ်အိုများ၏ နေအိမ်များပါ မချန် နေရာအနှံ့တွင် ပြုလုပ်နေသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ပင်တင်းရွာတွင် အကြမ်းဖက်စစ်တပ်မှ ရွာတွင်းရှိ အိမ်များကို ရိုက်ချိုးဖျက်ဆီးကာ ၎င်းတို့ လိုချင်သည့် ပစ္စည်းများကို အတင်းလုယက်ယူငင်သွားရာတွင် အငြိမ်းစားကျောင်းဆရာမကြီးအိမ်မှ ဦးဂျမ်းပုဆိုး အသစ် ၃ ကွင်းနှင့် သက်ကြီးရွယ်အို အဘိုးအဘွားအိမ်မှ ရွှေထည်ပစ္စည်းများအပါအဝင် အိမ်ဆောက်ရန် စုဆောင်းထားသည့် ငွေများကိုလည်း လုယက်ယူငင်သွားကြသည်။

## စစ်အာဏာသိမ်းမှု၏ အကျိုးဆက်များနှင့် စစ်ဘေးဒဏ်များ

အကြမ်းဖက်စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား အာဏာသိမ်းကာလအတွင်း ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး တိုက်ပွဲများ ပြင်းထန်လျှက်ရှိသည်။ ကချင်ပြည်နယ်၊ ဖန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် အလော့ဘွမ်တောင်တန်းစစ်ပွဲနားမှ

ကုန်းလောကျေးရွာတွင် အကြမ်းဖက်စစ်တပ်၏ လက်နက်ကြီး ကျပေါက်ခဲ့သဖြင့် အသက် ၁၀ နှစ်အရွယ် မိန်းကလေး ငယ်တဦးအပါအဝင် သံဃာတပါးနှင့် အခြားရွာသားတဦးသေဆုံးခဲ့ပြီး ဒဏ်ရာရမှုများရှိခဲ့သည်။

မကွေးတိုင်း၊ စလင်းမြို့နယ်၊ တောစိမ့်ကျေးရွာတွင် မေလ ၂၅ ရက် ည၌ စစ်သား အင်အား ၁၀၀ နီးပါးဖြင့် ရွာထဲတွင် သေနတ်အချက် ၁၀၀ ကျော်ခန့် ပစ်ဖောက်သဖြင့် ရွာတွင်းရှိ အမျိုးသားများ ထွက်ပြေးတိမ်းရှောင်နေရကာ အမျိုးသမီး တစ်ဦး ဦးခေါင်းကျည်ဆန်ထိမှန်သေဆုံးသွားခဲ့သည်။ သေဆုံးသူ အမျိုးသမီး၏ အလောင်းကိုလည်း အကြမ်းဖက် စစ်တပ်မှ သယ်ဆောင်သွားခဲ့သည်ဟု သိရှိရသည်။

မေလ ၂၂ ရက်နေ့တွင် ညမထွက်ရ အမိန့်ထုတ်ထားသည့် မန္တလေးမြို့၌ ည ၈ နာရီကျော်ကျော်လေးတွေ အိမ်ပြန်လာသည့် အရပ်သား ဇနီးမောင်နှံ ၂ ဦးအား အကြမ်းဖက် စစ်တပ်မှ စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ပစ်ခတ်ခဲ့သဖြင့် ဇနီးဖြစ်သူ အသက် ၁၉ နှစ်အရွယ် မထက်ထက်ဝင်းမှာ သေနတ်ဒဏ်ရာဖြင့် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့သော်လည်း ထိုသို့ အမေးအမြန်းမရှိ ထပ်မံ ပစ်ခတ်ခံရမည် စိုးရိမ်သဖြင့် ချက်ချင်း သွားရောက် မသယ်ဆောင်နိုင်ခဲ့ဘဲ လမ်းပေါ်တွင် သေနတ်ဒဏ်ရာဖြင့် သေဆုံး ခဲ့ရသည်။ အကြမ်းဖက်စစ်တပ်မှ ၎င်းဖြစ်ရပ်နှင့် ပတ်သက်၍ အကြမ်းဖက်စစ်တပ်မှ ၎င်းတို့ ပစ်ခတ်ခြင်း မဟုတ်ဟုလည်း ငြင်းဆန်ခဲ့သည်။

၂၆ ရက်နေ့ ညနေတွင် ဒီးမော့ဆို စစ်ဘေးရှောင်ပြည်သူများအား စားနပ်ရိက္ခာသွားရောက်ပေးပို့ခဲ့သည့် စိုင်းလင်းလင်းဦး အပါ အဝင် မေဇင်ထူး နှင့် နန္ဒာဦးခင်တို့သည် အိမ်သို့ပြန်မရောက်ဘဲ အဆက်အသွယ် ပြတ်တောက်ခဲ့သည်။ စိုင်းလင်းလင်းဦးအား စစ်တပ်မှ ဖမ်းဆီးသွားသည်ဟု သတင်းကြားရပြီး မမေဇင်ထူးနှင့် မနန္ဒာဦးခင်တို့လည်း အကြမ်းဖက် စစ်တပ်၏ ဖမ်းဆီးခြင်း ခံရနိုင်သည်ဟုသာ ခန့်မှန်းနိုင်ကြပြီး လက်ရှိ အချိန်ထိ မိသားစုနှင့် အဆက်အသွယ်မရသေးပေ။

ဒီမော့ဆိုမြို့တွင် မေလ ၂၆ ရက်နေ့ နံနက် ၇ နာရီဝန်းကျင်ခန့်၌ စစ်ကောင်စီတပ်မှ သေနတ်ဖြင့် ခြိမ်းခြောက် ပစ်ခတ်ရာ ဆိုင်ကယ်စီးလာသည့် ပြည်သူနှစ်ဦး ကျည်ထိမှန်ခဲ့ပြီး အမျိုးသမီး တစ်ဦး သေဆုံးခဲ့သည်။

လတ်တလောတွင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် အကြမ်းဖက်စစ်တပ်များကြား ပစ်ခတ်မှုများဖြစ်ပွား နေပြီး အကြမ်းဖက်စစ်တပ်မှ လက်နက်အင်အား မတန်တဆ အသုံးပြုသဖြင့် မြို့တွင်း လက်နက်ကြီးများကျသဖြင့် အမျိုးသမီးနှင့် ကလေးများအပါအဝင် ပြည်သူများ တောတောင်ထဲသို့ စစ်ပြေးရှောင်နေကြရပြီး စားဝတ်နေရေးနှင့် ကျန်းမာရေး အခက်အခဲများဖြင့် ရင်ဆိုင်နေကြရသည်။

## နိဂုံး

မြန်မာ့အမျိုးသမီးသမဂ္ဂမှ မေလအတွင်း စုဆောင်းရရှိထားသည့် အမျိုးသမီးများနှင့် ဆက်စပ်သည့် သတင်းများအရ လက်ရှိနိုင်ငံရေး အခြေအနေတွင် အမျိုးသမီးများအပါအဝင် ပြည်သူတရပ်လုံး၏ အသက်အန္တရာယ်နှင့် လုံခြုံရေးမှာ လုံးဝ အာမခံချက်မရှိ သည့်အပြင် တရားဥပဒေ စိုးမိုးမှုယန္တရားမှာ စစ်အာဏာရှင်လက်အောက်၌ လုံးဝ ပျက်သုဉ်းသွားသဖြင့် တရားမျှတမှု ရှာဖွေရန်အတွက်လည်း အခွင့်အလမ်း လုံးဝပျောက်ဆုံးနေသည့် အခြေအနေတွင် ဖြစ်သည်။ စစ်အာဏာ ရှင်လက်အောက်မှ ရုန်းထွက်ရန်အတွက် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းကာ အကြမ်းဖက်စစ်တပ်

နှင့် ထိပ်တိုက် ရင်ဆိုင် ပစ်ခတ်မှုများရှိသဖြင့် တိုင်းရင်းသားဒေသများတွင်သာမက မြို့ကြီးများတွင်ပါစစ်မြေပြင်သဖွယ် ဖြစ်လာသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အတားအဆီးမဲ့ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ ပေါ်ပေါက်နေသည်။ အကြမ်းဖက် စစ်တပ်သည် တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်လက်နက်တခုသဖွယ် အသုံးပြုမှုများရှိသဖြင့် လက်ရှိ ၎င်းတို့ကို ဆန့်ကျင်နေသဖြင့် စစ်မြေပြင်သဖွယ်ဖြစ်နေသည့် မြို့ရွာအားလုံးမှ အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ်၏ ပစ်မှတ်များဖြစ်လာနိုင်သည်ကို မိမိတို့ သုံးသပ်မိပါသည်။

ယခုသတင်းအနှစ်ချုပ်ကို မိမိတို့အနေဖြင့် အောက်ပါသတင်းဌါနများမှ သတင်းအချက်အလက်များကို စုဆောင်းကိုးကားထားပါသည်။

- RFA
- VOA
- The Irrawaddy
- Kachin Waves
- AAPP
- The Union
- Honesty Information
- Women’s League of Burma

## သတင်း Links များ

- https://www.facebook.com/MyanmarRVA/posts/3803737529723880
- https://burma.irrawaddy.com/news/2021/05/10/241669.html?fbclid=IwAR2m4Kb8yRSnbVafevEb8K960Tpb1gqHGRftfwY_1Uv_OHnwnU2uXxIFXXU
- https://www.facebook.com/honestinfo
- https://burma.irrawaddy.com/news/2021/05/17/241897.html?fbclid=IwAR1gxd6vbHN6vxwzHIgv8YTJWRUZak7GOsWw_-rbQ9sgLO6xMomAPaMBhj0
- https://www.facebook.com/honestinfo
- https://www.bbc.com/burmese/world-57206049
- http://burmese.dvb.no/archives/465915
- http://burmese.dvb.no/archives/466025
- https://www.facebook.com/theirrawaddyburmese
- https://www.facebook.com/The-Union-Times-105622588306025/
- https://www.facebook.com/honestinfo

- https://www.facebook.com/The-Union-Times-105622588306025/
- https://www.facebook.com/DVBTVNews
- https://burma.irrawaddy.com/news/short-news/2021/05/10/241644.html?fbclid=IwAR0oJFSOIiplQEd89M9oziUyTmZrRP7UGjrUbhqNgbOudXBiPBu-c5zSENw
- https://www.facebook.com/honestinfo
- https://www.facebook.com/Bago-Daily-News-100972342101223
- https://www.facebook.com/annleelimvros/posts/2330004893810847
- https://www.facebook.com/profile.php?id=100032787164671
- https://www.youtube.com/watch?v=w-1X-ZToIMI
- https://www.facebook.com/496146527170529/posts/3945767295541751/
-
- https://www.facebook.com/249810025202414/posts/1747178332132235/
-
- https://www.facebook.com/496146527170529/posts/3999915633460250/
-
- https://www.facebook.com/496146527170529/posts/3983573511761129/
-
- https://www.facebook.com/496146527170529/posts/3977079209077226/
- https://m.facebook.com/story.php?story_fbid=3975277402579663&id=100002923263718
-